နှမ်းခါးကျေးရွာအုပ်စု

တော်ဝင်ကျေးရွာ၊ဂန့်ဂေါမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၀-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

တော်ဝင်ကျေးရွာ၊ဂန့်ဂေါမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ မတ်လ

# မာတိကာ


မာတိကာ

စကားချီး

တော်ဝင်ကျေးရွာ သယံဇာတပြမြေပုံ

တော်ဝင်ကျေးရွာ ရာသီခွင်ပြဇယား

တော်ဝင်ကျေးရွာ ကျေးရွာတွင်းအဖွဲ့အစည်းများတည်ရှိမှု

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**

- **နိဒါန်း**
- **ရည်ရွယ်ချက်**
- **ကျိုးကြောင်းဖော်ပြချက်**
- **နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**
- **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**
- **ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ**
  - တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား
  - သဘာဝအရင်းအမြစ်များ
- **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**
  - လူဦးရေဆိုင်ရာအချက်အလက်များ
  - စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
  - ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
  - ကျန်းမာရေးနှင့် အာဟာရ
  - ပညာရေးနှင့် ကျွမ်းကျင်မှုများ
  - ကျား/မဆိုင်ရာဆက်နွယ်မှု
- **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**
  - ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်
  - သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ
  - စိုက်/မွေး မဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ
  - ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု
  - ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
  - ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
  - လူငယ်နှင့်ယဉ်ကျေးမှု

- အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု(လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး)
- တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

- **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ**
  - ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
  - အဟန့်အတားများနှင့်စိန်ခေါ်မှုများ
- **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**
  - ဖွံ့ဖြိုးရေးပန်းတိုင်
  - အကောင်အထည်ဖော်မည့် နည်းဗျူဟာ
- **ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ**
  - စိုက်ပျိုးရေးနည်းပညာများရရှိရေး
  - ငွေရေး၊ ကြေးရေးနှင့် ဘဏ်လုပ်ငန်းများ
  - စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ရရှိရေး
  - လျှပ်စစ်မီးလင်းရေး ရရှိအောင်ဆောင်ရွက်ခြင်း
- **ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ**
  - နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း
  - ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း
  - ဦးစားပေးစီမံချက်များ နှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ
- **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရွေးချယ်မှုများ**
- **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်း နှင့် အစီအစဉ်များ**
  - ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
  - ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ
  - ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
  - ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ
- **စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် နည်းပညာဆိုင်ရာ အကူအညီ**
  - ကြီးကြပ်စစ်ဆေးခြင်း

- နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
- နည်းပညာဆိုင်ရာအကူအညီ

- **နောက်ဆက်တွဲ**
- **နောက်ဆက်တွဲ(၁) စီမံကိန်းဇယားများ**
- **နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်များ**

**(၁) လူမှုစီးပွားရေးအခြေအနေ**

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား(၆) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများ

**(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

ဇယား(၁၁) ကျေးရွာအတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၂၂) စိုက်/မွေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား(၂၃) စိုက်/မွေး မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား(၂၉) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား(၃၀) မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှု နှုန်း
ဇယား(၃၁) ကျောင်းတက်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား(၃၄) အဖြစ်များသော ရောဂါများ
ဇယား(၃၅) လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၃၇) သောက်သုံးရေရရှိမှု
ဇယား(၃၈) အိမ်သာအမျိုးအစား
ဇယား(၃၉) ကျား/မ ရေးရာ
ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၄၄) လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ
ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား(၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်မည့် နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်မံ ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တော်ဝင်ကျေးရွာ၊ ဂန့်ဂေါမြို့နယ်
ရက်စွဲ၊ ၂၀၂၀ခုနှစ် မတ် လ ရက်

# တော်ဝင်ကျေးရွာ သယံဇာတပြမြေပုံ



# တော်ဝင်ကျေးရွာ ရာသီခွင်ပြဇယား



# တော်ဝင်ကျေးရွာ အဖွဲ့အစည်းတည်ရှိမှု (VENN DIAGRAM)



## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### နိဒါန်း

၁။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက် စာအုပ်သည် တော်ဝင်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျေးရွာလူထုကိုယ်တိုင်ပါဝင်၍ ကိုယ်တိုင်ရေးဆွဲသော စီမံချက်စာအုပ်ဖြစ်ပြီး ကျေးရွာ၏ လိုအပ်ချက်များအား ထင်သာမြင်သာသိရှိနိုင်စေမည်ဖြစ်ပါသည်။

### ရည်ရွယ်ချက်

၂။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။

### ကျိုးကြောင်းဖော်ပြချက်

၃။ ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထိုအပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရာတွင် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေး အခြေအနေများ၊ ကြုံတွေ့ရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက် များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြ ထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရ မဟုတ် သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဘဏ် များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံ စိုက်မှု ကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း ၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

၄။ ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများ အား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအတွက် အသုံးဝင်မှုများ အနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး ဆိုင်ရာဝန်ဆောင်မှု များချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်မည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ ( NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိ လာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများအနေဖြင့် ကျွန်တော်တို့ကျေးရွာ နှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

၁၀။ နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံ တကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ် ၊ အာရှဖွံ့ဖြိုးရေးဘဏ်) ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစပ်ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ် မှုများ ပြုလာနိုင်ပါသည်။

**စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

၅။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံ ကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာ၌ ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

**ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

၆။ **တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား။** ကျေးရွာသည် ဂန့်ဂေါ-လက်ပန်ကားလမ်းမဘေးတွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ဂန့်ဂေါမြို့နှင့် ဆက်သွယ်သွားလာရာတွင် လွယ်ကူပါသည်။ ကျေးရွာသည် မြစ်သာမြစ်အရှေ့ဘက်ကမ်း တွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ရာသီဥတုအနေဖြင့် မိုးများခြင်း၊ မိုးခေါင်ခြင်း မရှိသော်လည်း ပုံမှန်မဟုတ်ပေ။ လယ်ယာမြေများသည် မြေဆီလွှာ အသင့်အတင့်အနေအထားတွင် ရှိပြီး စပါး၊နှမ်း၊ပဲ စိုက်ပျိုးထုတ်လုပ် ရန်နှင့် အသက်မွေးဝမ်းကျောင်း ရန်အတွက် အဓိကအားထားရာ ဖြစ်သည်။

၇။ **သဘာဝအရင်းအမြစ်။** လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူများမှ စိုက်ပျိုးရန်အတွက် မိုးကိုသာ အဓိကအားထားနေရပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက (၄၂၈.၇) ဧကရှိပြီး စပါး၊ နှမ်း၊ ပဲ တို့ကို အဓိကစိုက်ပျိုးကြသည်။

**ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

၈။ **လူဦးရေဆိုင်ရာအချက်အလက်များ။** အိမ်ထောင်စုပေါင်း (၁၄၁) စု နှင့် ကျား ( ၃၀၁ )၊ မ (၂၉၃) ဦးဖြင့် လူဦးရေပေါင်း (၅၉၃)ဦးရှိကာ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးအများစု နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၇၄%) ခန့် ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိအမျိုးသားဦးရေသည် အမျိုးသမီး ဦးရေထက် (၃)ဦး သာ များပါသည်။

၉။ **စီးပွားရေးအခြေအနေ(ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု)။** အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် နည်းပါးပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှု တွင် အိမ်ထောင်စုအားလုံး၏ (၃၂.၈%) သည် ဆင်းရဲနှင့် အလွန် ဆင်းရဲ အိမ်ထောင်စု အဖြစ် ခံယူကြပြီး (၄၉.၃%) သည် ချမ်းသာသည့် အဆင့်၊ (၁၇.၈%)သည် အလယ်အလတ် အဆင့်အဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်မှု အသင့်အတင့် ရှိ ပြီး လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်သူများရှိကြသောကြောင့် ကျေးရွာစီးပွားရေးမှာ အဆင်ပြေသည့် အိမ်ထောင်စုများပြားပါသည်။ ယင်းတို့အနက် ဆင်းရဲအဆင့် သည် ကျေးရွာတွင်ဒုတိယ အများဆုံး ဖြစ်ပြီး မြေယာအနည်းငယ်ပိုင်ဆိုင်သော လယ်သမားများ၊ လက်လုပ် လက်စား နှင့် မြေယာမဲ့ အိမ်ထောင်အနည်းငယ်ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု နည်းပါးသော်လည်း စိုက်ပျိုးသီးနှံ အတွက် မိုးကိုသာ အဓိက ထားရပြီး စိုက်ပျိုးရေအရင်းအမြစ် မရှိခြင်း၊ သီးနှံအထွက်နှုန်း နည်းပါးခြင်း၊ သွင်းအားစုများပြားခြင်း၊ အလုပ်သမား လုပ်အားခများပြား ခြင်းတို့ကြောင့် ဆင်းရဲသည့် အိမ်ထောင်စု များအဖြစ်ခံယူကြခြင်းဖြစ်ပါသည်။

၁၀။ **ကျန်းမာရေးနှင့်အာဟာရ။** ကျေးရွာတွင်း နေထိုင်သူအများစုသည် ကျန်းမာရေးကောင်းမွန်ကြပြီး ရောဂါအနေဖြင့် မသန့်ရှင်းသော စားအုန်းဆီစားသုံးမိ၍ သွေးတိုးရောဂါ ဖြစ်ပွားခြင်း၊ မြေအောက်ရေ တူးဖော်ရန် ခက်ခဲပြီး သန့်ရှင်းသောသောက်သုံးရေရရှိရန် ခက်ခဲ သောကြောင့် ရေမသန့်သဖြင့် ဝမ်းပျက်ဝမ်းလျှော ရောဂါ ဖြစ်ပွားလေ့ရှိပါသည်။ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများရှိသောကြောင့် ရာသီအလိုက် ဖြစ်ပွားလေ့ ရှိသော သွေးလွန်တုပ်ကွေးရောဂါများ အဖြစ်နည်းသည်ကို တွေ့ရပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ရှိပါသည်။ အာဟာရအနေဖြင့် ကျောင်းအဟာရတိုက်ကျွေးမှုအစီအစဉ် များရှိပြီး ကျန်းမာရေးဌာနမှ အသိပညာပေးဟောပြောပွဲများ ကျင်းပပေးမှုရှိသောကြောင့် ကျေးရွာသူ/ ကျေးရွာသား များအနေဖြင့် အာဟာရ ပြည့်ဝအောင် စားသုံးကြပြီး အာဟာရချို့တဲ့မှုမရှိကြောင်း တွေ့ရပါသည်။

၁၁။ **ပညာရေးနှင့် ကျွမ်းကျင်မှုများ။** ကျေးရွာ၏ ပညာရေးအဆင့်အတန်းအနေဖြင့် ရွာသူ/ရွာသား အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပါသည်။ တစ်ရွာလုံးတွင် လူဦးရေ (၄၀၆) ဦးရှိသည့်အနက် တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ(၂၃)ဦး၊ အထက်တန်း အဆင့်ရှိသူ (၂၇)ဦးနှင့် အလယ်တန်း အဆင့်ရှိသူ (၅၀) ဦးနှင့် မူလတန်းအဆင့်ရှိသူ (၂၉၄) ဦးရှိပြီး စာမတတ်မြောက်သူ ကျား (၁) ဦးနှင့် မ (၁၁) ဦး၊ စုစုပေါင်း (၁၁)ဦး နှင့် အတန်းပညာ မတက် ရောက်သေးသည့်အရွယ်(၁၈၇)ဦးရှိပါသည်။ ကျေးရွာတွင် အလက်တန်းကျောင်းရှိပြီး အစိုးရခန့်ဆရာ/ဆရာမ (၈)ဦးနှင့်ကျေးရွာခန့်(၃)ဦး စုစုပေါင်း ဆရာ/မအင်အား(၁၁)ဦးရှိပါသည်။ ကျောင်းတက်နှုန်း အနေဖြင့် မူလတန်းတွင် (၄၀)ဦး၊ အလယ်တန်းတွင် (၅၉)ဦး၊ အထက်တန်းတွင် (၂၁)ဦးနှင့် တက္ကသိုလ်/ကောလိပ်တက်ရောက်နေသူ (၁၁) ဦးရှိပြီး ပညာရေးအတွက် အခြေအနေကောင်းများ ရှိသည်ကိုတွေ့ရှိရပါသည်။ ဆင်းရဲသောမိသားစုအတွက် ကျောင်းစရိတ်မတတ် နိုင်မှုများရှိသည်ကို

တွေ့ရပါသည်။ အသက်မွေးဝမ်းကျောင်းပညာတတ်ကျွမ်းမှုအားနည်းပြီး လူငယ်များ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးပါသည်။

၁၂။ **ကျား/မဆိုင်ရာ ဆက်နွယ်မှု။** ကျေးရွာအနေဖြင့် ယောကျ်ားလေးများနှင့် မိန်းကလေးများ တန်းတူအခွင့်အရေးများရှိပါသည်။ လုပ်အားခတွင်မူ မိန်းကလေးများမှာ ယောကျ်ားလေးထက် နည်းပါးပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆောင်ရွက်မှုများ၊ အုပ်ချုပ်ရေးဆောင်ရွက်မှုများတွင် မိန်းကလေးများ၏ ပါဝင်မှုအားနည်းပြီး အမျိုးသမီးများတက်ကြွစွာပါဝင်လာစေရန် အမျိုးသမီး များ၏ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးခြင်းများ ဆောင်ရွက်သွားရန်နှင့် အားပေးခြင်းများ ပြုလုပ်သွား ပါ က ကျား/မဆိုင်ရာ ဆက်နွယ်မှု ပိုမိုကောင်းမွန် လာမည်ဖြစ်ပါသည်။

**ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

၁၃။ **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု။** ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်းအနေဖြင့် ကျေးရွာ တွင်းဖွဲ့စည်းထားသည့် အဖွဲ့တော်တော်များများရှိသည့်အတွက် ကျေးရွာ၏ သာရေး/နာရေးနှင့် ၊လူမှုရေး၊ကျန်းမာရေး၊ဘာသာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးရွာတွင်း ရန်ပုံငွေရှိသည့်အသင်းများ ဖွဲ့စည်းထားသော်လည်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှု အားနည်းပြီး လုပ်ငန်းများအမှန်တကယ်လုပ်ကိုင် ဆောင်ရွက်မည်ဆိုပါက ဖွံ့ဖြိုးမှုမှာ တိုးတက်လာ မည်ဖြစ်ပြီး လုပ်ငန်းများအမှန်တကယ်လုပ်ကိုင်နိုင်ရေး ကြပ်မတ် ဆောင်ရွက် ပေးသင့်ပါသည်။

၁၄။ **သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ။** ကျေးရွာတွင် ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက (၄၂၈.၇) ဧကရှိပြီး စပါး၊ နှမ်း၊ ပဲ တို့ကို အဓိကစိုက်ပျိုးကြသည်။ လယ်မြေ(၂၂၄.၆) ဧက၊ ယာမြေ (၂၀၃.၁) ဧက ဥယျာဉ်ခြံမြေ(၁)ဧကရှိပါသည်။ စပါးအနေဖြင့် (၁)ဧက အထွက်နှုန်းမှာ (၇၀) တင်းထွက်ရှိပြီး နှမ်း (၁)ဧက ထွက်နှုန်းမှာ ပျမ်းမျှ(၇) တင်းနှင့် ပဲ (၁)ဧက ထွက်နှုန်းမှာ ပျမ်းမျှ (၁၇) တင်း ထွက်ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍာတွင် စိုက်ပျိုးရေ အရင်းအမြစ်မရရှိခြင်း၊ လုပ်သားရှားပါးခြင်း၊ ရာသီဉတု မမှန်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းလျော့ကျပြီး တောင်သူများ အနေဖြင့် အခက်အခဲများ ကြုံတွေ့လျက်ရှိပါသည်။ မွေးမြူရေးအနေဖြင့် တောင်သူအများစုဖြစ်သောကြောင့် အိမ်ထောင်စု အများစုမှာ လယ်ယာထွန်ယက်ခိုင်းစေရန် တစ်နိုင်တစ်ပိုင် နွားများမွေးမြူ ထားကြပြီး စီးပွားဖြစ် မွေးမြူခြင်းမရှိပေ။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် ကြက်နှင့် ဝက် မွေးမြူသူ များလည်းရှိပြီး စီးပွားဖြစ်မွေးမြူသူ ရှားပါးပါသည်။ ကျေးရွာအနေဖြင့် မွေးမြူရေးထက် စိုက်ပျိုးရေး ကိုသာ အဓိကထား လုပ်ကိုင်လျက် ရှိပါသည်။ ကျေးရွာတွင် တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်ပါက တောင်သူများ ထိခိုက်လွယ်ပြီး ရောဂါကူးစက်ပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါကျရောက်ရခြင်းမှာ အခြားဒေသမှ တိရစ္ဆာန်များ သယ်ယူရာမှ အများဆုံးဖြစ်ပွားကြောင်း တွေ့ရှိရပြီး ၎င်းတို့အား ထိန်းချုပ်ရန် လိုအပ်လျက်ရှိပါသည်။

၁၅။ **စိုက်/ မွေး မဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။** ကျေးရွာတွင် စိုက်/မွေး မဟုတ်သောလုပ်ငန်းများအနေဖြင့် နေ့စားအလုပ်သမားများ၊ ပန်းရံ/လက်သမား၊ ကုန်စုံဆိုင်၊

ကားမောင်းခြင်း နှင့် ဆောက်လုပ်ရေးလမ်းများတွင် နေ့စား လုပ်ကိုင်ခြင်းများ၊ အစိုးရဝန်ထမ်း အနည်းငယ်နှင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူ အနည်းငယ် ရှိပြီး ပုံမှန်ဝင်ငွေရရှိသော သက်မွေးလုပ်ငန်း ရှားပါးလျက်ရှိပါသည်။ ကျေးရွာအနေဖြင့် မိရိုးဖလာ စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ပြီး အခြားသက်မွေး ပညာရပ်များ တတ်မြောက်မှု နည်းပါး ခြင်း၊ အရင်းအနှီးမရှိခြင်းနှင့် စိုက်/မွေးမဟုတ် သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းတို့ကြောင့် ကျေးရွာမှ စိုက်/မွေးမဟုတ်သောလုပ်ငန်း လုပ်ကိုင်သူများအတွက် အခက်အခဲများ ဖြစ်ပေါ်လျက် ရှိပါသည်။

၁၆။ **ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှု။** ကျေးရွာမှ တောင်သူများအနေဖြင့် စိုက်ခင်းများတွင် သဘာဝမြေသြဇာထက် ဓာတုပိုးသတ်ဆေး နှင့် ဓာတ်မြေသြဇာ များအသုံးပြုခြင်း ကြောင့် မြေဆီလွှာပျက်စီးမှုများ ရှိပါသည်။ အမှိုက်စွန့်ပစ်စနစ် ဖြင့် အမှိုက်များအား စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများမှ စီစဥ်ဆောင်ရွက် လျက်ရှိပါသည်။

၁၇။ **ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။** ကျေးရွာမှ တောင်သူများအနေဖြင့် ကျေးရွာတွင် စိုက်ပျိုးရေးချေးငွေရှိပြီး တောင်သူများအား ထုတ်ချေးပေးလျက်ရှိပါသည်။

၁၈။ **ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု။** ကျေးရွာတွင် အခြေခံပညာ အထက်တန်းကျောင်းရှိပြီး မူလတန်းမှ တက္ကသိုလ်/ကောလိပ် အထိ ကျောင်းတက်ရောက်နေသည့် ကျောင်းသား (၁၃၁) ယောက်ရှိပြီး ကျောင်းနေရမည့် အရွယ်တွင် ကျောင်းမတက်သည့် ကလေးငယ် များမရှိကြောင်းတွေ့ရှိရပါသည်။ သို့သော် မူလတန်းနှင့် အလယ်တန်းတွင် တက်ရောက်နှုန်းများ သော်လည်း အထက်တန်းနှင့် တက္ကသိုလ်/ ကောလိပ် တက်ရောက်နှုန်းမှာ လျော့နည်းသွားသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် လူဦးရေ (၅၉၃) ဦးရှိသည့် အနက် စာမတတ်မြောက်သူ (၁၂) ဦး ရှိပြီး အများစုမှာ အရေး၊ အဖတ်၊ အတွက် အခြေခံတတ်မြောက် ကြပြီး ပညာရေး အသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။ ကျန်းမာရေးအနေဖြင့် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ရှိပါသည်။ ကျေးရွာသည် ကျေးရွာသည် ဂန့်ဂေါ-ကလေး ကားလမ်းမဘေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ် ရေး ကောင်းမွန်ခြင်းကြောင့် ကျန်းမာရေး လက်လှမ်းမှီပြီး ကျန်းမာရေးဗဟုသုတ များလည်း အသင့်အတင့် ရှိပါသည်။ ကျန်းမာရေးဦးစီးဌာန မှလည်း သက်ဆိုင်ရာရောဂါ အလိုက် ကာကွယ်ဆေးများ လာရောက် ထိုးနှံပေးလျက်ရှိပါသည်။ အဓိကအားဖြင့် စားသုံးဆီများစားသုံး သောကြောင့် သွေးတိုးရောဂါအဖြစ် များကြောင်းတွေ့ရှိ ရပါသည်။ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရှားပါးလျက် ရှိပါသည်။ ကျေးရွာတွင် တွင်းရေကိုအသုံးပြုသော အိမ်ထောင်စု (၃၀၀) တွင်းရှိပြီး၊ အိမ်ထောင်စု(၈)စုသာ မြစ်ရေကိုအဓိကထားသုံးစွဲလျက်ရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုတိုင်း ယင်လုံအိမ်သာ သုံးစွဲကြပြီး အမှိုက် များအား သတ်မှတ်နေရာတွင် စွန့်ပစ်ခြင်း၊ မီးရှို့ခြင်းနှင့် လယ်တောများသို့ စွန့်ပစ်ခြင်းစသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာများလည်း ရှိကြပါသည်။

၁၉။ **လူငယ်နှင့် ယဉ်ကျေးမှု။** ကျေးရွာတွင် လူငယ်များအနေဖြင့် အားကစားလေ့လာလိုက်စားသူများသော်လည်း အားကစား ကွင်းမရှိခြင်းကြောင့် အားကစားကွင်းလိုအပ်လျက်ရှိပါသည်။ ထို့အပြင် ကျေးရွာမှလူငယ်များ အနေဖြင့် အလုပ်လုပ်ကိုင်လိုစိတ်ရှိသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း နှင့် ရှားပါးခြင်းတို့ကြောင့် အလုပ်လက်မဲ့များပေါ်များလျက်ရှိပါသည်။ ကျေးရွာရှိလူငယ်များသည် သာရေး/ နာရေးများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသော်လည်း ယဉ်ကျေးမှုထိန်းသိမ်းရာတွင် အားနည်း လျက်ရှိပါသည်။

၂၀။ **အခြေခံအဆောက်အဦးများအား လက်လှမ်းမှီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး။** ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ရွှံ့စေးမြေများ ဖြစ်သော ကြောင့် မိုးရာသီ သွားလာရာတွင် ဗွက်များ ဖြစ်ပေါ်လျက်ရှိပြီး အဆင့်မြှင့်တင်ရန် လိုအပ်လျက် ရှိပါသည်။ လျှပ်စစ်စွမ်းအားအနေဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား မရရှိသေးသည့်အတွက် ကျေးရွာတွင်း လျှပ်စစ်မီးရရှိရေးအဓိကဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင်း သတင်းနှင့်ဆက်သွယ်ရေးအတွက် တယ်လီဖုန်း ဆက်သွယ်ရေး တာဝါတိုင် (၂) ခု ရှိသောကြောင့် သတင်းနှင့်ဆက်သွယ်ရေးအတွက် အဆင်ပြေပါသည်။ ကျေးရွာတွင်း စာကြည့်တိုက်ရှိသော်လည်း စာအုပ်များနည်းပါးခြင်းနှင့် စာဖတ်သူ နည်းပါးပါသည်။

၂၁။ **တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး။** ကျေးရွာတွင် မှုခင်းတစ်စုံတစ်ရာ ဖြစ်ပွားမှုမရှိပဲ တည်ငြိမ်အေးချမ်းလျက်ရှိပါသည်။ မြို့နှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် ပြည်သူ့လုံခြုံရေးအတွက် ပြည်သူ့ရဲတပ်ဖွဲ့ နှင့် အမြဲချိတ်ဆက်၍ တရားဥပဒေစိုးမိုးမှုအတွက် ဆောင်ရွက်လျက်ရှိပါသည်။

**ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

၂၂။ **ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ။** ကျေးရွာသည် ဂန့်ဂေါ-လက်ပန် ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း မရှိသောကြောင့် ကျေးရွာထွက်ကုန်များကို ဈေးကွက်သို့ တင်ပို့ရောင်းချရန်လွယ်ကူခြင်း၊ မြေပြန့်ဒေသဖြစ်သော်လည်း ရေကြီးခြင်း၊ လျှော်လူပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်ကျရောက်မှုမရှိခြင်းတို့မှာ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းများဖြစ်ပါသည်။ ထို့အပြင်ကျေးရွာမှ အိမ်ထောင်စု အများစုမှာ မြေယာပိုင်ဆိုင်ကြပြီး စနစ်တကျ နည်းမှန်လမ်းမှန်စိုက်ပျိုးပါက ကျေးရွာ၏ စိုက်ပျိုးရေးနှင့် ဝင်ငွေတိုးပွားလာမည်ဖြစ်ပါသည်။ မွေးမြူရေးအတွက် အခြေအနေကောင်းများအနေဖြင့် စီးပွားဖြစ်မွေးမြူသူမရှိသော်လည်း လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုရန် အိမ်ထောင်စုအများစုတွင် ကျွဲ၊ နွားများ မွေးမြူထားပြီး ရောဂါဖြစ်ပွားပါကလည်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဝက်၊ ကြက် မွေးမြူသူများလည်းရှိပြီး နည်းပညာများပံ့ပိုးပေးပါက တစ်နိုင်တစ်ပိုင်မွေးမြူရေးမှ စီးပွားဖြစ် မွေးမြူရေးသို့ တိုးတက်လာမည့် အခွင့်အလမ်းများ ရှိပါသည်။ ထို့အပြင် ကျေးရွာလူဦးရေ (၅၉၃) ဦးရှိသည့်အနက် (၄၂၅) ဦးမှာ

အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်များဖြစ်၍ ၎င်းတို့အား သက်မွေးပညာရပ်များပို့ချပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်လာစေရန် လေ့ကျင့်ပေးခြင်းနှင့် အလုပ် အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ကောင်းများ ဖြစ်လာမည်ဖြစ်ပါသည်။ ပညာရေးအနေဖြင့် ကျေးရွာတွင် အလယ်တန်းကျောင်းသာရှိပြီး အထက်တန်းကျောင်း မရှိသေးသည့်အတွက် ကျေးရွာတွင်အထက်တန်းကျောင်းနေမည့် အရွယ် အားလုံး ကျောင်းမတက်နိုင်ကြသဖြင့် ကျေးရွာတွင် အထက(ခွဲ)ရရှိရန်လိုအပ်လျက်ရှိရှိပါသည်။ ကျန်းမာရေး ဖွံ့ဖြိုးမှုအနေဖြင့် ကျေးရွာတွင် ကျန်းမာရေးဌာန(ခွဲ)ရှိပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လည်း သက်ဆိုင်ရာရောဂါ ကာကွယ်ဆေးများအား အချိန်နှင့်တစ်ပြေးညီ ထိုးနှံပေးခြင်း ကျန်းမာရေး ဗဟုသုတရှိခြင်းတို့မှာ ကျန်းမာရေး အသိပညာဖွံ့ဖြိုးမှုအတွက် အခြေအနေကောင်းများဖြစ်ပါ သည်။၎င်းအပြင်ကျေးရွာ၌ အိမ်ထောင်စုတိုင်း ယင်လုံအိမ်သာသုံးစွဲပြီး အမှိုက်များစွန့်ပစ်ရာတွင် လည်း စနစ်တကျစွန့်ပစ်သောကြောင့် တစ်ကိုယ်ရေးသန့်ရှင်းမှုကို အလေးထားခြင်းစသည့် ကျန်းမာရေးဖွံ့ဖြိုးမှုအတွက် အလားအလာကောင်း များတွေ့ရှိပါသည်။ကျေးရွာတွင်း မဟာဓာတ်အား လိုင်းမှ လျှပ်စစ်ဓာတ်အား သွယ်ယူရရှိပြီးဖြစ်ပါသည်။ အခြေအနေကောင်းများအနေဖြင့် ကျေးရွာအတွင်း တရားဥပဒေစိုးမိုးမှုရှိခြင်း၊ မူးယစ်ဆေးဝါးကင်းစင်ခြင်း၊ မှုခင်းဖြစ်ပွားမှု မရှိခြင်း၊ အုပ်ချုပ်မှု လက်လှမ်းမှီခြင်း၊ ဥပဒေဆိုင်ရာ ဗဟုသုတရှိခြင်းတို့မှာ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေအနေကောင်းများဖြစ်ပါသည်။

၂၃။ **အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ။** ကျေးရွာအနေဖြင့် လယ်/ယာများ ပိုင်ဆိုင်ကြသော်လည်း အခြားသယံဇာတထွက်ကုန်မရှိခြင်း၊ သွင်းအားစုလိုအပ်ချက်များပြားခြင်း၊ စိုက်ပျိုးရေ အရင်းအမြစ်မရှိခြင်း၊ မိုးကိုသာ အားထားရပြီး ရာသီဥတုမမှန်ခြင်းနှင့် ကုန်ဈေးနှုန်း မတည်ငြိမ်ခြင်းတို့ကြောင့် တောင်သူများအနေဖြင့် သီးနှံအထွက် နှုန်းလျော့နည်းပြီး အရှုံးနှင့်သာ ကြုံတွေ့နေရပါသည်။ မွေးမြူရေးတွင်လည်း မိရိုးဖလာအရ စိုက်ပျိုးရေးကိုသာ လုပ်ကိုင်လာသောကြောင့် စီးပွားဖြစ် မွေးမြူရေးလုပ်ကိုင်လိုသူမရှိဘဲ တစ်နိုင်တစ်ပိုင် မွေးမြူရေးလောက်သာ မွေးမြူကြသည်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတား များဖြစ်ပါသည်။ အဓိက အဟန့်အတားအနေဖြင့် ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သည့် လူငယ်များ ရှိသော်လည်း ဝင်ငွေရ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းနှင့် သက်မွေးပညာရပ်များ တတ်မြောက်မှု နည်းပါးခြင်းတို့မှာ ရင်ဆိုင်ကျော်လွှားရမည့် အခက်အခဲနှင့် စိန်ခေါ်မှုများဖြစ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ**

၂၄။ **ဖွံ့ဖြိုးရေးပန်းတိုင်။** ကျေးရွာ၏ ဖွံ့ဖြိုးရေးပန်းတိုင်အနေဖြင့် ကျေးရွာလူထုကိုယ်တိုင်ပါဝင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအကူအညီဖြင့် စီမံချက်များရေးဆွဲ၍ ကျေးရွာ၏ ဆောင်ရွက်လိုသည့် ဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။ ကျေးရွာဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတွင် လိုအပ်နေသော အခြေခံအဆောက်အဦးများတည်ထောင်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး နှင့် အခြေခံလိုအပ်ချက်

များဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်ပြည့်စုံသော အခြေအနေများ ပိုင်ဆိုင်ရရှိစေမည်။ ကျေးရွာတွင်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်ကျွမ်းနားလည်၍လုပ်ငန်းများဆောင်ရွက်ရရှိခြင်းမှ တဆင့်ဝင်ငွေရှာဖွေခြင်းနှင့်စီးပွားရေး အနေအထား တိုးတက်ရရှိစေမည်။ကျွန်ုပ်တို့ ကျေးရွာတွင် စိုက် / မွေးမဟုတ်သောအသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ခြင်း၊ စိုက်ပျိုးရေးနည်းပညာများရရှိခြင်းတို့ဖြင့် မိသားစုဝင်ငွေ အသင့်အတင့် ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်း တိုးတက်လာမည်။

၂၅။ **အကောင်အထည်ဖော်မည့်နည်းဗျူဟာ။** ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။ ကျေးရွာရှိ ရွာတွင်းလမ်းအား အဆင့်မြှင့်တင်ခြင်းဖြင့် ကျေးရွာနေပြည်သူများ၏ သွားရေးလာရေး၊ မမျှော်မှန်းနိုင်သော အန္တရာယ် (ဥပမာ- မီးဘေးအန္တရာယ်) များကျ ရောက်ပါက ကားဝင်၊ ကားထွက်လွယ်ကူစေရန်နှင့် ပျက်စီးပါက ကျေးရွာများ၏လုပ်အားဖြင့် ထိန်းသိမ်းဆောင်ရွက်ရန် စီမံသွားမည်ဖြစ်ပါသည်။ကျေးရွာရှိဒေသခံပြည်သူများမှ လုပ်အား၊ ငွေအား ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာတွင်းတံတားပြုပြင်ရန်အတွက် သက်ဆိုင်ရာဌာနနှင့် ကျေးရွာမှပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေထိန်းနံရံတည်ဆောက်ရန်အတွက် မြစ်ကျောင်းဖြိုးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ဆောင်ရွက်သွားပါမည်။ပညာရေးဝန်ထမ်းအိမ်ယာတည်ဆောက်ရန်အတွက် ပညာရေးဦးစီးဌာနနှင့် ကျေးရွာမှ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးနည်းပညာကောင်းများ၊ စိုက်ပျိုးရေလုံလောက်စွာရရှိရန် နှင့် မျိုးကောင်းမျိုးသန့်များ ရရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။ အိမ်တိုင်ယာရောက်ရေပေးရေးစနစ် ပြုလုပ်နိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မွေးမြူရေးနည်းပညာကောင်းများရရှိစေရန်အတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ စာကြည့်တိုက်တည်ဆောက်ရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ**

၂၆။ အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါသည်။

၂၇။ **စိုက်ပျိုးရေးနည်းပညာများရရှိနိုင်စေရေး။** ကျေးရွာတွင် စပါး၊ နှမ်းနှင့် ပဲအမျိုးမျိုးစိုက်ပျိုးကြပါသည်။ တောင်သူများသည် ဖျက်ပိုးကျရောက်ခြင်းကို နှိမ်နင်းရန် နည်းစနစ်ကောင်းလိုအပ်

ပါသည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကဆေး အရောင်းဆိုင်များကိုသာ မှီခိုအားထားမှုပိုများပါသည်။ သီးနှံဖျက်ပိုးများကို စနစ်တကျပိုးသတ်ဆေး ဖျန်းပက်ခြင်း မရှိသောကြောင့် တောင်သူများအတွက် အထွက်နှုန်းလျော့ကျ၍ ဝင်ငွေလျော့နည်း ပါသည်။ စိုက်ပျိုးရေးနည်းပညာများ၊ ပိုးမွှားနှိမ် နင်းရေး နည်းပညာများရရှိရန် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်ပေးစေလိုပါသည်။

၂၈။ **ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ။** ကျေးရွာရှိ လယ်သမားများအတွက် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိသော်လည်း ရာသီဥတုမမှန်ခြင်း၊ စိုက်ပျိုးရေ အရင်း အမြစ်မရှိခြင်းတို့ကြောင့် တောင်သူများ အခက်ကြုံလျက်ရှိပါသည်။ ထို့အပြင် အသေးစား အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ အတွက် ချေးငွေရရှိအောင် ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာ ဖွံ့ဖြိုးရေး အတွက် အထောက်အကူ ဖြစ်လာမည် ဖြစ်ပါသည်။

၂၉။ **စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ရရှိရေး။** ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်မည်ဆိုပါလျှင် လူငယ်များနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ပါသည်။ ကျွန်တော်တို့ကျေးရွာတွင် အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များမရှိသေးပါ။ ကျေးရွာတွင် တနိုင်တပိုင်ဝင်ငွေများ အသင့်အတင့်ရရှိရန် အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ် ပေးစေလိုပါသည်။ မြို့ပြတွင်သင်တန်းများစွာရှိသော်လည်း ကျေးရွာတွင် လက်လုပ်လက်စားများ သဖြင့် သင်တန်းများနှင့် လက်လှမ်းမီမှုအားနည်းပါသည်။ သင်တန်းများကို ဖွင့်လှစ်ပေးနေသော ကျေးလက်ဦးစီး နှင့် ပြင်ပအဖွဲ့အစည်းများဖြစ်သော NGO, INGO များမှ သင်တန်းများကို ကျွန်တော်တို့ကျေးရွာသို့ လာရောက်ဖွင့်လှစ်မည်ဆိုပါလျှင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ ရရှိမည်ဖြစ်ပါသည်။

၃၀။ **လျှပ်စစ်မီးလင်းရေးရရှိအောင် ဆောင်ရွက်ခြင်း။** ကျွန်တော်တို့ကျေးရွာသည် မဟာဓာတ် အားလိုင်းမှ လျှပ်စစ်ဓာတ်အား ရရှိ နိုင်ရေး မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် လျက်ရှိပါသည်။ ကျေးရွာမီးလင်းရေးကော်မတီကိုလည်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

**ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

၃၁။ စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် (၅) နှစ် ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

၃၂။ **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း။** ကျေးရွာလူထုက (၅) နှစ်အတွင်း ဆောင်ရွက်လိုသည့် စီမံချက်လုပ်ငန်းများအား ဖော်ထုတ်၍ ဦးစားပေးအလိုက်ရေးဆွဲခဲ့သော်လည်း

စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ သို့ဖြစ်၍ ကျေးရွာလူထုသည် (၂) နှစ်၊ (၃) နှစ်တာ ကာလများတွင်လည်း နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅) နှစ်တာ စီမံချက်သည် ပြင်းထန်သောသဘာဝ ဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်း နှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင် လာနိုင်ပါမည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင် အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

၃၃။ **ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း။** စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များအား စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

(က) **လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း** - ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်း ကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

(ခ) **ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း** တွင်

(၁) သာမန်အသုံးစရိတ်

(၂) ငွေလုံးငွေရင်းအသုံးစရိတ်၊

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

(၄) လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

၃၄။ **ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ။** စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကိုဇယားများဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် ဦးစားပေးစီမံချက်များကို ဖော်ထုတ်ထားပါသည်။ စီမံချက်များကိုရေးဆွဲရာ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သောအဖွဲ့အစည်းများမှ နည်းပညာအကူအညီများလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဦးစားပေးရွေးချယ်ထားသော စီမံချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

## ဂန့်ဂေါမြို့နယ်၊ နှမ်းခါးကျေးရွာအုပ်စု၊ တော်ဝင်ကျေးရွာ
## အမှတ်ပေးဇယားအရ ထွက်ပေါ်လာသော ဦးစားပေးစီမံချက်များ

| စဉ် | စီမံချက် | ရမှတ် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|
| ၁ | လျှပ်စစ်မီးရရှိရန် | ၁၀၀ | ၁ | |
| ၂ | စက်ရေတွင်းတူးဖော်ရန် | ၈၇ | ၂ | |
| ၃ | ရေသွင်းခေါင်းကူမြောင်းပြုပြင်ရန် | ၈၆ | ၃ | |
| ၄ | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းရန် | ၈၄ | ၄ | |
| ၅ | ဆေးပေးခန်းဆောက်လုပ်ရန် | ၇၀ | ၅ | |
| ၆ | အထက(ခွဲ)ရရှိရန် | ၆၇ | ၆ | |
| ၇ | စုရပ်ဆောင်ဆောက်လုပ်ရန် | ၆၇ | ၇ | |
| ၈ | ကျောင်းဆောင်ဆောက်လုပ်ရန် | ၆၅ | ၈ | |
| ၉ | ကုန်ထုတ်လမ်းဖောက်လုပ်ရန် | ၆၃ | ၉ | |
| ၁၀ | ကျောင်းဆောင်သစ်ဆောက်လုပ်ရန် | ၆၁ | ၁၀ | |
| ၁၁ | ဘောလုံးကွင်းဖော်ဆောင်ပေးရန် | ၆၀ | ၁၁ | |
| ၁၂ | မြစ်ကမ်းပါးကျောက်ရိုးစီရန် | ၅၉ | ၁၂ | |

**ဂန့်ဂေါမြို့နယ်၊ နှမ်းခါးကျေးရွာအုပ်စု၊ တော်ဝင်ကျေးရွာ**
**ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလဇယား**

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ရမှတ် ပေါင်း | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်မီးရရှိရန် | ၁ | ၁၀၀ | ✓ | | | | | |
| ၂ | စက်ရေတွင်းတူးဖော်ရန် | ၂ | ၈၇ | | ✓ | | | | |
| ၃ | ရေသွင်းခေါင်းကူမြောင်းပြုပြင်ရန် | ၃ | ၈၆ | | | ✓ | | | |
| ၄ | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းရန် | ၄ | ၈၄ | | | | ✓ | | |
| ၅ | ဆေးပေးခန်းဆောက်လုပ်ရန် | ၅ | ၇၀ | | | | | ✓ | |
| ၆ | အထက(ခွဲ)ရရှိရန် | ၆ | ၆၇ | | | | | ✓ | |
| ၇ | စုရပ်ဆောင်ဆောက်လုပ်ရန် | ၇ | ၆၇ | | | | | ✓ | |
| ၈ | KGကျောင်းဆောင်ဆောက်လုပ်ရန် | ၈ | ၆၅ | | | | | ✓ | |
| ၉ | ကုန်ထုတ်လမ်းဖောက်လုပ်ရန် | ၉ | ၆၃ | | | | | ✓ | |
| ၁၀ | ကျောင်း’ဆောင်သစ်ဆောက်လုပ်ရန် | ၁၀ | ၆၁ | | | | ✓ | | |
| ၁၁ | ဘောလုံးကွင်းဖော်ဆောင်ပေးရန် | ၁၁ | ၆၀ | | | | | ✓ | |
| ၁၂ | မြစ်ကမ်းပါးကျောက်ရိုးစီရန် | ၁၂ | ၅၉ | | | | ✓ | | |

# ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် ကဏ္ဍအလိုက် ဆောင်ရွက်လိုသည့် စီမံချက်များ

| စဉ် | ကဏ္ဍ/ ကဏ္ဍခွဲ | | စီမံချက် | ဦးစားပေး အဆင့် | ရမှတ် ပေါင်း | ဖော်ပြချက် | ဆောင်ရွက် လိုသည့် အချိန်ကာလ | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | လျှပ်စစ် | | လျှပ်စစ်မီးရှိရန် | ၁ | ၁၀၀ | (၁) လျှပ်စစ်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>(၂) ကျေးရွာသူ/သားများ၏ လူမှုစီးပွားဘဝ တိုးတက်လာခြင်း<br>(၃) သစ်တောပြုန်းတီးမှုလျော့ကျလာနိုင်ခြင်း | ၂၀၂၀-၂၀၂၁ | |
| ၁ | လမ်း/ တံတား | ၁ | ရွာတွင်းလမ်းအား မြေသားလမ်း အဆင့်မြှင့် တင်ခြင်းနှင့် အမာခံ ကျောက်ရောမြေ ခင်းခြင်း လုပ်ငန်း | ၄ | ၈၄ | (၁) ကျေးရွာတွင်းလမ်း ခင်းရာတွင်ကျေးရွာမှ လုပ်အား၊ငွေအား ထည့်ဝင်ခြင်း<br>(၂) ကျေးလက်ဦးစီးမှ နည်းပညာအကူအညီ ရယူခြင်း<br>(၃) ဆောင်ရွက်ပြီး ရေရှည် ခိုင်ခံ့စေရန် ကျေးရွာမှ ပြုပြင်ထိန်းသိမ်းခြင်း | ၂၀၂၁-၂၀၂၂ | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ၂ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၉ | ၄၃ | (၁) ကျေးလက်ဦးစီးသို့ ချိတ်ဆက်တင်ပြခြင်း<br>(၂) တောင်သူများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာခြင်း<br>(၃) ထွက်ကုန်များပို့ဆောင်ရာတွင်လွယ်ကူခြင်း | ၂၀၂၁-၂၀၂၂ | |
| ၂ | ရေပေးရေး | ၁ | စက်ရေတွင်းတူးဖော်ခြင်း | ၂ | ၈၇ | (၁) ကျေးလက်ဦးစီးသို့ ချိတ်ဆက်တင်ပြခြင်း<br>(၂) ကျေးရွာမှ ထည့်ဝင်ငွေ ထည့်ဝင်ခြင်း<br>(၃) ရေပေးရေးကော်မတီ ဖွဲ့စည်းထားရှိပြီးဖြစ် ခြင်း<br>(၄) စက်ရေတွင်း မပျက်စီးရန် ကျေးရွာမှ တာ ဝန်ယူ ထိန်းသိမ်းခြင်း | ၂၀၂၁-၂၀၂၂ | |
| ၃ | ကျန်းမာရေး | ၁ | ကျန်းမာရေးဆေးပေးခန်း | ၅ | ၇၀ | (၁) ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>(၂) ကျေးရွာပြည်သူများ၏ ကျန်းမာရေးစောင့် ရှောက်မှု မြင့်မားလာခြင်း<br>(၃) ကျန်းမာရေး ဗဟုသုတတိုးပွားလာမည် ဖြစ်ခြင်း | ၂၀၂၁-၂၀၂၂ | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄ | အားကစား | ၁ | ဘောလုံးကွင်းဖော်ဆောင်ရန် | ၁၁ | ၆၀ | (၁) ဘောလုံးကွင်းဖော်ဆောင်ရန် မြေနေရာ ဖော်ထုတ်ခြင်း<br>(၂) မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO, INGO) များထံမှနည်းပညာနှင့်အကူအညီ တောင်းခံခြင်း<br>(၃) ကျေးရွာမှ လုပ်အား၊ ငွေအား ပူးပေါင်း ပါဝင်ခြင်း<br>(၄) ကျေးရွာလူငယ်များမှ အားကစားလိုက်စား မှု ပိုများလာမည်ဖြစ်ခြင်း | ၂၀၂၂-၂၀၂၃ | |
| ၅ | ဆည်မြောင်း | ၁ | ရေသွင်းမြောင်းပြုပြင်ရန် | ၃ | ၈၆ | (၁) ဆည်မြောင်းဦးစီးဌာနသို့ ချိတ်ဆက် တင်ပြခြင်း<br>(၂) ကျေးရွာမှ ပူးပေါင်းပါဝင်ခြင်း<br>(၃) တောင်သူများ၏ စိုက်ပျိုးရေး အရင်းအမြစ်ရရှိလာခြင်း | ၂၀၂၂-၂၀၂၃ | |
| ၆ | ပညာရေးကဏ္ဍ | ၁ | အထက(ခွဲ)ရရှိရန် | ၆ | ၆၇ | (၁) ပညာရေးဌာနနှင့် ချိတ်ဆက်ခြင်း<br>(၂) ကျောင်းသား/ကျောင်းသူများ တိုးပွားလာခြင်း<br>(၃) ကျောင်းကော်မတီ ဖွဲ့စည်းခြင်း<br>(၄) အထက်တန်းကျောင်းထွက်နှုန်းလျော့ကျ လာနိုင်ခြင်း | ၂၀၂၃-၂၀၂၄ | |

**ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရွေးချယ်မှုများ**

၃၆။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်၍ အကူအညီရယူဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်တွင် ကျေးရွာလူထု ၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမပြုရပေ။ (ငွေသားမဟုတ် သောထည့်ဝင်မှု၊ ဥပမာ-လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်။)

| စဉ် | စီမံချက် | ရန်ပုံငွေ (ကျပ်သိန်း) | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်သိန်း) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းဆိုင်ရာကူညီထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လျှပ်စစ်မီးရရှိရန် | | | ✓ | | |
| ၂ | စက်ရေတွင်းတူးဖော်ရန် | | | ✓ | | |
| ၃ | ရေသွင်းမြောင်းမြောင်းပြုပြင်ရန် | | | ✓ | | |
| ၄ | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်း ရန် | | | ✓ | | |
| ၅ | ဆေးပေးခန်းဆောက်လုပ်ရန် | | | ✓ | | |
| ၆ | အထက(ခွဲ)ရရှိရန် | | | ✓ | | |
| ၇ | စုရပ်ဆောင်ဆောက်လုပ်ရန် | | | ✓ | | |
| ၈ | ကျောင်းဆောင်ဆောက်လုပ်ရန် | | | ✓ | | |

| စဉ် | စီမံချက် | ရန်ပုံငွေ (ကျပ်သိန်း) | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်သိန်း) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်း ဆိုင်ရာ ကူညီ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်း အသုံး စရိတ် | စွမ်းဆောင် ရည် မြှင့်တင် ရေး | |
| ၉ | ကုန်ထုတ်လမ်းဖောက်လုပ်ရန် | | | ✓ | | |
| ၁၀ | ကျောင်း ’ ဆောင်သစ်ဆောက်လုပ်ရန် | | | ✓ | | |
| ၁၁ | ဘောလုံးကွင်းဖော်ဆောင်ပေးရန် | | | ✓ | | |
| ၁၂ | မြစ်ကမ်းပါးကျောက်ရိုးစီရန် | | | ✓ | | |

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ**

၃၇။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါ သည်။

၃၈။ **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ။** ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင် ရန် ဦးဆောင်ပါမည်။

၃၉။ **ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ။** ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေး စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-ဆည်မြောင်းပြုပြင် ရန် ဆည်မြောင်းဦးစီးဌာနနှင့်ချိတ်ဆက်၍ နည်းပညာအကူအညီရယူခြင်း ဆောင်ရွက်ရပါမည်။

၄၀။ **ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ။** စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် လမ်း/တံတား၊ ရေပေးရေး၊ ကျန်းမာရေး ဆေးပေးခန်း၊ ကျောင်းဆောင်ပြုပြင်ခြင်း၊စာကြည့်တိုက်ပြုပြင်ခြင်း၊ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ခြင်းနှင့် ဆည်ပြုပြင်ခြင်းစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ ၊ အားကစား ကွင်း ဖော်ဆောင်ခြင်းအတွက် နည်းပညာဝန်ဆောင်မှုပံ့ပိုးပေးမည့် အဖွဲ့အစည်းများပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း များက စီမံကိန်းလုပ်ငန်း တွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှု ပေးမည်ဖြစ်ပြီး လုပ်ငန်း တစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန် ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်း များနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

